
ပါရမီအပြည့်ဖြင့်
စတင်ကျင့်ကြံခြင်းလမ်းစဉ်
စာစဉ်-၄
Translator - Shanhtet

# အခန်း (၃၇)

## အဆင့် (၁)အနိမ့်တန်းအစီအရင်ပညာရှင်

*

နံနက်စောစောအချိန်တွင် ချန်ဝေ့မောသည် မျက်လုံးများ နီမြန်းမို့အစ်လျက် ဝိညာဉ်လယ်ကွင်းအမှတ် (၇၇) ရှိ ဝန်းအတွင်းသို့ ရောက်ရှိလာချေသည်။

"ဦးလေးနင်..."

သူမ၏ ပုံစံမှာ အလွန်ပင် သနားစဖွယ် ကောင်းလှပေသည်။

နင်တောက်ရန်သည် ညှော့ခန်းအတွင်းမှ ထွက်လာကာ "ချန်ဝေ့မော... အနာဂတ်အတွက် စိတ်မပူပါနဲ့၊ မင်းရဲ့ ဝိညာဉ်လယ်ကွင်းကို ငါနဲ့ သမင်

ကြီးက ကူညီကြည့်ရှုပေးပါ့မယ်။ မင်းကတော့ ကျင့်ကြံခြင်းကိုပဲ အာရုံစိုက်ပါ။ ငါ မင်းကို ထာဝရစိမ်းလန်းခြင်းကျင့်စဉ်ရဲ့ အခြေခံတွေကို သင်ပေးမယ်၊ နောင်တစ်ချိန်မှာ ဘယ်လောက်ထိ ခရီးပေါက်မလဲဆိုတာကတော့ မင်းရဲ့ကြိုးစားမှု အပေါ်မှာပဲ မူတည်လိမ့်မယ်" ဟု အားပေးစကား ဆိုလေသည်။

"ဦးလေး... ကျွန်မက ကျင့်ကြံခြင်းပါရမီ သိပ် ညံ့တာပါ။ ဦးလေးအနေနဲ့ ကျွန်မအပေါ် အခု လောက်ထိ ရင်းနှီးပေးဖို့ မထိုက်တန်ပါဘူး..." ချန်ဝေ့မော့မှာ နှုတ်ခမ်းကို ဖိကိုက်ထားရင်း တွန့်ဆုတ်စွာ ပြောရှာသည်။

"တကယ်တော့ ဒါက မင်းအဘွားနဲ့ ငါ့ကြားက အရောင်းအဝယ်တစ်ခုပါပဲ။ မင်း ငါ့အပေါ်မှာ အကြွေးတင်နေတယ်လို့ မခံစားပါနဲ့။ အဘွားဆီ ကနေ ငါ အကျိုးကျေးဇူးတွေ အများကြီး ရထား

တာမို့ မင်းက ကျင့်ကြံဖို့ကိုပဲ အာရုံစိုက်ပါ" ဟု နင်တောက်ရန်က ပြန်လည်ဖြေကြားလိုက်ရာ မိန်းကလေးငယ်၏ မျက်ဝန်း၌ နောက်ဆုံးတွင်မှ စိတ်သက်သာရာရသည့် အရိပ်အယောင်များ ပေါ်ပေါက်လာတော့သည်။

ထိုနေ့မှစ၍ ဝိညာဉ်လယ်ကွင်းအမှတ် (၇၉) ကို နင်တောက်ရန်နှင့် သမင်အူကြောင်ကြီးတို့က ဦးစီးစီမံကာ ချန်ဝေ့မောကလည်း ကူညီလုပ်ကိုင်ပေးလေတော့သည်။

---

ရက်များ ကုန်လွန်သွားရာ ချန်ဝေ့မောသည် အဘွားကွယ်လွန်ခြင်း ဝမ်းနည်းရိပ်များမှ လွတ်မြောက်ကာ ပြန်လည်ပြုံးရွှင်လာနိုင်ခဲ့ချေပြီ။

နင်တောက်ရန်မှာမူ လယ်လုပ်သည့်အချိန်မှလွဲ၍ နံနက်ပိုင်းတွင် အစီအရင်ပညာကို

လေ့လာကာ မွန်းလွဲပိုင်း၌ ဆေးဖော်စပ်နည်းကို သင်ယူလေသည်။

ညဉ့်အခါတွင်မူ ခန္ဓာကိုယ်ကြံ့ခိုင်မှုကျင့်စဉ်နှင့် ထာဝရစိမ်းလန်းခြင်းကျင့်စဉ်တို့ကို ကျင့်ကြံရင်း ယခင်ကထက် ပိုမိုပြည့်စုံသော ဘဝကို ပိုင်ဆိုင် လာခဲ့သည်။

အဘွားယွင်စွေ့ ချန်ထားရစ်သော အစီအရင် ပညာမှာ ပညာတစ်ခုတည်း မဟုတ်ဘဲ ပြည့်စုံ သော ပညာအစုအဝေး ဖြစ်ပေရာသည်။ ယင်း၌ အဆင့်(၁) အလယ်တန်း 'အဆင့်မြှင့်တိမ်တိုက် မြူခိုးအစီအရင်'၊ အဆင့် (၁)အဆင့်မြင့်တန်း 'လရောင်ထင်ဟပ်ရေကန့်လန့်ကာအစီအရင်' နှင့် အဆင့် (၁)အဆင့်မြင့်တန်း 'ငါးပါးဒြပ် စီး ဆင်းခြင်းအစီအရင်' တို့ ပါဝင်လေသည်။

၎င်းတို့အနက် 'အဆင့်မြှင့်တိမ်တိုက်မြူခိုးအစီ အရင်' မှာ အရင်အစီအရင်ထက် သာလွန်ကာ

လမ်းမှားစေသောအစွမ်း ပါဝင်လာ၏။

'လရောင်ထင်ဟပ်ရေကန့်လန့်ကာအစီအရင်' မှာမူ ဝိညာဉ်စွမ်းအား စုစည်းခြင်း၊ အပယ်ခံခြင်း၊ မျက်လှည့်ပြခြင်းနှင့် ကာကွယ်ခြင်း အစွမ်းများ ပေါင်းစပ်ထားရာ အဆင့်(၁) အစီအရင်များထဲတွင် နေအိမ်ကာကွယ်ရန် အကောင်းဆုံးဟု ဆိုရပေမည်။

'ငါးပါးဒြပ် စီးဆင်းခြင်းအစီအရင်' မှာမူ သတ်ကွင်းအစီအရင်ဖြစ်ပြီး အသက်သွင်းလိုက်သည်နှင့် အစီအရင်အတွင်း ဝင်ရောက်သူကို မသေမချင်း ငါးပါးဒြပ်စွမ်းအားများဖြင့် တိုက်ခိုက်မည့် အစီအရင် ဖြစ်ချေသည်။

အဘွားသည် အဆင့် (၁)အဆင့်မြင့် အစီအရင်ပညာရှင်တစ်ဦးပီပီ ဤအစီအရင် သုံးမျိုးစလုံးကို ပြည့်စုံစွာ ဖော်ဆောင်နိုင်ခြင်းမှာ ချီးကျူးဖွယ်ပင်။ နင်တောက်ရန်သည် ဤပညာရပ်များ

အတွင်းသို့ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ကာ လေ့လာလေတော့သည်။

ရက်အနည်းငယ်အကြာတွင် သူသည် အစီအရင်ပညာ၌ ပါရမီရှိကြောင်း သိလိုက်ရ၏။

အစီအရင်ပညာကို လေ့လာရာ၌ အစီအရင်ပုံစံများနှင့် အစီအရင်ကျောက်ပြားများကို ဦးစွာ လေ့လာရပေသည်။

အစီအရင်ပုံစံများမှာ ဝိညာဉ်ရေးရာ အမှတ်အသားများဖြင့် ဖွဲ့စည်းထားသဖြင့် ထို အမှတ်အသားများသည် အစီအရင်ပညာ၏ အခြေခံအုတ်မြစ် ဖြစ်ပေသည်။

နင်တောက်ရန်သည် ဝိညာဉ်စွမ်းအားကို ထွင်းထုသည့်ဓားအတွင်းသို့ သွန်းလောင်းကာ အမှတ်အသားများကို တစ်ခုချင်း ကူးယူ လေ့ကျင့်ရာ ရက်အနည်းငယ်အတွင်းမှာပင် အလိုအလျောက် နားလည်သဘောပေါက်သည့်

ခံစားချက်ကို ရရှိလာသည်။

ဝိညာဉ်အမှတ်အသား တစ်ခုချင်းစီ၌ ကိုယ်ပိုင် နိယာမများ ရှိကြောင်း သူ တွေ့ရှိခဲ့၏။ ထို နိယာမကို သိရှိသွားသည်နှင့် ရှုပ်ထွေးခက်ခဲလှသော အမှတ်အသားများကို အလွယ်တကူ နားလည်သွားတော့သည်။

သူသည် စိတ်အားထက်သန်စွာဖြင့် အချိန် အများစုကို အစီအရင်ပညာဘက်သို့ လှည့်လိုက်လေသည်။ တစ်ချိန်ချိန်တွင် သူသည် ဆေးဖော်စပ်ခြင်းနှင့် လက်နက်ပြုလုပ်ခြင်းတို့၌ မဆိုးလှသော်လည်း အစီအရင်ပညာ၌မူ ဆရာတစ်ဆူ ဖြစ်လာနိုင်ကြောင်းကို ရိပ်မိလာသောကြောင့် ဖြစ်ပေသည်။

သူ၏ ထာဝရစိမ်းလန်းခြင်းကျင့်စဉ်ကြောင့် ရရှိထားသော သက်တမ်းရှည်မှုဖြင့် ဤပညာရပ်ကို အချိန်ယူ လေ့လာမည်ဆိုပါက အစီအရင်

ပညာ၌ အမြင့်ဆုံးသို့ ရောက်ရှိမည်မှာ မလွဲဧကန် ဖြစ်ချေသည်။

---

လအနည်းငယ် ကုန်လွန်ပြီးနောက် နှင်တောက်ရန်သည် တိမ်တိုက်မြူခိုးအစီအရင်အသစ်ကို စတင်ဖန်တီးလေသည်။ အစီအရင်ပညာရှင်တစ်ဦး ဖြစ်လာရန် ပထမခြေလှမ်းမှာ အစီအရင်အသစ်ကို ကိုယ်တိုင် ပြုလုပ်နိုင်ခြင်းပင် ဖြစ်ပေသည်။

ယင်းကို အောင်မြင်စွာ ဖန်တီးနိုင်ပါက နှင်တောက်ရန်သည် အဆင့်(၁) အနိမ့်တန်း အစီအရင်ပညာရှင် ဖြစ်လာပေတော့မည်။

ဟွမ်လုံဈေးတန်းရှိ ချင်းဖူးအရောင်းဆိုင်၌ ဖြစ်ချေသည်။

"မိတ်ဆွေနှင်... မတွေ့ရတာ ကြာပြီနော်"

ချန်ဖျင်အာသည် ရိုးရှင်းသော ဝတ်စုံကို

ဝတ်ဆင်ထားသော်လည်း ရေထဲမှ ပေါ်ထွက်လာသော ကြာပန်းလေးကဲ့သို့ နုနယ်လှပကာ အရှိန်အဝါမှာလည်း ပို၍ တင့်တယ်လာချေသည်။

"မိတ်ဆွေချန်... မတွေ့ရတာ ကြာပါပြီ" နင်တောက်ရန်က လိုရင်းကိုသာ ဆို၏။ "ကျွန်တော် အဆင့် (၁)အစီအရင်အတွက် လိုအပ်တဲ့ ပစ္စည်းတွေနဲ့ အဆင့်နိမ့် ဝိညာဉ်ဆေးမြစ်အချို့ ဝယ်ချင်လို့ပါ။ ဒီမှာ စာရင်းပါ၊ ချင်းဖူးဈေးတန်းမှာ ဘယ်လောက်အထိ ရနိုင်မလဲဆိုတာ ကြည့်ပေးပါဦး"

ချန်ဖျင်အာက စာရင်းကို ကြည့်ကာ ပြုံးလျက် "အမှန်အတိုင်း ပြောရရင် မိတ်ဆွေနင် လိုချင်တဲ့ ပစ္စည်းအားလုံး ချင်းဖူးဈေးတန်းမှာ ရှိပါတယ်။ ကျွန်မ အခုပဲ ဆိုင်ကို လိုက်ပို့ပေးပါ့မယ်" ဟု ဆိုလေသည်။

မကြာမီမှာပင် လိုအပ်သော ပစ္စည်းများကို ဝယ်ယူနိုင်ခဲ့သည်။ တိမ်တိုက်မြူခိုးအစီအရင်မှာ အခြေခံအကျဆုံး ဖြစ်သဖြင့် ပစ္စည်းများမှာ ရှားပါးခြင်း မရှိဘဲ ဈေးနှုန်းလည်း ချိုသာလှပေသည်။

"မိတ်ဆွေနင်က အစီအရင်ပညာရော ဆေးဖော်စပ်နည်းကိုပါ တစ်ပြိုင်တည်း လေ့လာနေတာလား" ဟု ချန်ဖျင်အာက ပြုံး၍ မေးမြန်းလေရာ နင်တောက်ရန်က ယခုအခါ ဝိညာဉ်စွမ်းအားသန့်စင်မှု အဆင့်မြင့်ပိုင်းသို့ ရောက်နေပြီဖြစ်သဖြင့် ပို၍ ယုံကြည်မှုရှိစွာဖြင့် "အစီအရင်လမ်းစဉ်နဲ့ ဆေးဖော်စပ်တဲ့ လမ်းစဉ်တွေက အလွန်ပဲ နက်နဲလှပါတယ်။ ကျွန်တော်ကတော့ အပျော်တမ်း သဘောမျိုး လေ့လာကြည့်တာပါ။ ဝိညာဉ်ကျောက်တုံးလေးတွေ အကုန်ခံပြီး ပညာသင်ယူနေတယ်လို့ပဲ သဘောထားပါ

တယ်" ဟု နှိမ့်ချစွာ ဆိုလေသည်။

ချန်ဖျင်အာ၏ မျက်ဝန်း၌ ကြင်နာရိပ်များ ယှက်သန်းနေကာ "မိတ်ဆွေက နှိမ့်ချလွန်းနေပါပြီ။ မိတ်ဆွေနင်ဟာ အပြင်စည်းတောင်တန်းမှာ ဒုတိယအဆင့် ဝိညာဉ်စိုက်ပျိုးသူတစ်ဦးအဖြစ် ကျော်ကြားနေတာကို ဘယ်သူမသိဘဲ နေမှာလဲ။ အစီအရင်နဲ့ ဆေးပညာမှာပါ အောင်မြင်မှုတွေ ရလာရင်တော့ အနန္တဂိုဏ်းရဲ့ အပြင်စည်းမှာ အမှန်တကယ် ကျော်ကြားလာမှာပါ" ဟု ချီးမွမ်းစကား ဆိုလေသည်။

နင်တောက်ရန်က ကျေးဇူးတင်စကား ဆိုကာ ဝိညာဉ်ကျောက်တုံး လေးဆယ် ပေးချေပြီး သမင်အူကြောင်ကြီးနှင့်အတူ ထွက်ခွာခဲ့တော့သည်။

---

အစီအရင်ပညာမှာ အချိန်ယူရသဖြင့် နင်

တောက်ရန်သည် ဆေးဖော်စပ်ခြင်းကို အရင်စတင်ရန် ဆုံးဖြတ်လိုက်သည်။

အဘွားချန်ထားရစ်သော ဆေးနည်းများအနက် အလွယ်ကူဆုံးဖြစ်သည့် 'ဘီဂူ' ဆေးလုံး (အစာမစားဘဲ နေနိုင်သောဆေး) ကို အရင်ဖော်စပ်ရန် ပြင်ဆင်လေသည်။ အောင်မြင်မှုနှုန်း နည်းပါးလျှင်ပင် ကိစ္စမရှိပေ။

ယင်းဆေးလုံးအတွက် လိုအပ်သော ပစ္စည်းများမှာ ဈေးပေါလှသဖြင့် လေ့ကျင့်ခန်းသဘောမျိုး သဘောထားနိုင်ပေသည်။

မြေအောက် ပေတစ်ရာ့ငါးဆယ်ခန့်တွင် ဆေးဖော်ခန်းတစ်ခု ရှိချေသည်။ ကြေးနီဆေးပေါင်းအိုးကြီး၏ ရှေ့တွင် နင်တောက်ရန်သည် တည်ငြိမ်စွာ ထိုင်လျက် ရှိ၏။

သူသည် ဆေးမြစ်များကို အိုးအတွင်းသို့ ထည့်ကာ ပါးစပ်မှ 'စစ်မှန်သောမီးလျှံ (ခေါ်)မူလ

အနှစ်သာရ စစ်မှန်သောမီးလျှံ' ကို မှုတ်ထုတ်လိုက်ရာ မီးလျှံကလေးမှာ ဆေးပေါင်းအိုးကို ဝန်းရံကာ လောင်ကျွမ်းလေတော့သည်။

ဆေးမြစ်များ အရည်ပျော်ကာ ဝိညာဉ်အရည်များ ဖြစ်လာသည်နှင့် ဆေးရနံ့များမှာ အခန်းအတွင်း ပျံ့လွင့်လာ၏။ နင်တောက်ရန်သည် အဆင့်ဆင့်သော ပါဝင်ပစ္စည်းများကို စနစ်တကျ ထည့်သွင်းကာ မီးအရှိန်ကို မြှင့်လိုက်လေသည်။ မကြာမီမှာပင် ဆေးပေါင်းအိုးအတွင်းမှ အရောင်အသွေးစုံသော ဝိညာဉ်မြူခိုးများ ထွက်ပေါ်လာတော့သည်။

"ဖွင့်စေ"

ဆေးပေါင်းအိုးကို ဖွင့်လိုက်ရာ ဆေးလုံးနှစ်လုံးထွက်လာသော်လည်း ၎င်းတို့မှာ မည်းတူးနေသော အဖုအထစ်များသာ ဖြစ်ချေသည်။ ရှုံးနိမ့်သွားပြီမူလအနှစ်သာရ စစ်မှန်သောမီးလျှံက

ပြင်းထန်လွန်းသဖြင့် ဆေးလုံးများမှာ လောင်ကျွမ်းသွားခြင်း ဖြစ်ပေသည်။

နင်တောက်ရန်သည် ဒုတိယအကြိမ် ထပ်မံကြိုးစားပြန်သည်။ အချိန်အနည်းငယ်အကြာတွင် ဆေးလုံးနှစ်လုံး ထွက်လာပြန်သော်လည်း အရောင်မှာ မီးခိုးဖြူရောင်ဖြစ်ကာ အက်ကွဲကြောင်းများ ပြည့်နေသဖြင့် အသုံးမရသောဆေးလုံးများသာ ဖြစ်နေပြန်သည်။ အချိန်စော၍ ဆေးထုတ်လိုက်သဖြင့် ရှုံးနိမ့်ပြန်ခြင်း ဖြစ်ပေရာသည်။

သူသည် လုံးဝ အလျှော့မပေးဘဲ အကြိမ်ကြိမ်ကြိုးစားလေတော့သည်။ သူသည် ကြွယ်ဝသူတစ်ဦး ဖြစ်ပေရာ ဘိဂူဆေးလုံး အိုးပေါင်း ရာချီ၊ ထောင်ချီ ပျက်စီးသွားသော်လည်း ဂရုမစိုက်လှပေ။

ဘေးနားရှိ သမင်ကြီးမှာမူ သူ၏အစ်ကိုကြီး

ချွေးတလုံးလုံးဖြင့် ဆေးပေါင်းအိုးကို လှုပ်ယမ်းနေသည်ကို ကြည့်ကာ "ငါ့အစ်ကိုကြီးက ဒီဆေးပေါင်းအိုးနဲ့ ရန်ဖြစ်နေတာလား" ဟု တွေးတောနေပုံရ၏။ အမှန်တကယ်ဆိုလျှင် နင်တောက်ရန်မှာ ဆေးဖော်စပ်ခြင်း၌ ပါရမီ အလွန်ပင်နည်းပါးလှချေသည်။

နှစ်ပတ်အကြာတွင်မူ သူသည် လူရုပ်မပေါက်တော့ဘဲ ဆေးဖော်ခန်းအတွင်းမှ ထွက်လာကာ ငွေရောင်တောက်နေသော ဘီဂူဆေးလုံးတစ်လုံးကို ကိုင်ဆောင်ထားလေသည်။

"သမင်ကြီး... ငါ အောင်မြင်ပြီအဆင့်(၁) အနိမ့်တန်း ဆေးဖော်စပ်သူ ဖြစ်လာပြီဟော့"

သမင်ကြီးက ဝမ်းသာအားရဖြင့် သူ၏အစ်ကိုကြီးကို တိုးဝှေ့ကာ အားပေးလေသည်။ နင်တောက်ရန်သည် နေ့စဉ်အချိန်ဇယားကို ပြန်လည်သတ်မှတ်ကာ နံနက်ပိုင်းတွင်

ဆေးဖော်စပ်ပြီး မွန်းလွဲပိုင်း၌ အစီအရင်ပညာကို လေ့လာလေသည်။

အချိန်နှင့် ဝိညာဉ်ကျောက်တုံးများစွာ ရင်းနှီးထားသဖြင့် ဘီဂူဆေးလုံး အောင်မြင်မှုနှုန်းမှာ တဖြည်းဖြည်း မြင့်တက်လာကာ ၉၉ ရာခိုင်နှုန်းအထိ ရောက်ရှိသွားတော့သည်။

ထို့နောက် သူသည် ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် အထောက်အကူပြုသော 'သွေးအားဖြည့်ဆေးလုံး' ကို ဆက်လက်ဖော်စပ်ပြန်သည်။

အစပိုင်းတွင် အောင်မြင်မှုနှုန်း အလွန်နည်းသော်လည်း နောက်ပိုင်းတွင် အောင်မြင်စွာ ဖော်စပ်နိုင်ခဲ့ချေပြီ။ မကြာမီမှာပင် ကျင့်ကြံသူများ၏ ဝိညာဉ်စွမ်းအားကို မြှင့်တင်ပေးသော 'ဝိညာဉ်စုစည်းဆေးလုံး' ကိုပါ အောင်မြင်စွာ ဖော်စပ်နိုင်ခဲ့ရာ သူသည် အဆင့်(၁) အနိမ့်တန်း ဆေးဖော်စပ်သူအဖြစ် အမှန်တကယ်ပင် ရောက်

ရှိခဲ့လေပြီ။

---

နံနက်ခင်းအချိန် ချုန်းပီတောင်ထိပ်ရှိ တောအုပ်များမှာ စိမ်းစိုလှပနေချေသည်။ ဝါး အိမ်ကလေး၏ ဘေးပတ်ပတ်လည်တွင် နှင်း စက်ကလေးများဖြင့် ငြိမ်သက်အေးချမ်းနေ၏။

နင်တောက်ရန်သည် အပြာနုရောင် ဝတ်စုံကို ဝတ်ဆင်ထားရာ အပြင်စည်းတပည့်တစ်ဦးဖြစ် သော်လည်း သူ၏ ပုံစံမှာ တောရဆရာကြီးတစ် ဦးကဲ့သို့ အရှိန်အဝါ ရှိနေပေသည်။

သူသည် ငါးကန်ဘေး၌ ခြေကို အသာအယာ နင်းလိုက်ရင်း "ငါးနက်လေး" ဟု ခေါ်လိုက်၏။

ငါးနက်ကြီးသည် ချက်ချင်းပင် ရေပေါ်သို့ ပေါ်လာကာ သူ၏ သခင်ကို ကြည့်နေ တော့သည်။ နင်တောက်ရန်က "ဒါက မင်း အတွက် ဆုလာဘ်ပဲ" ဟု ဆိုကာ သွေးအားဖြည့်

ဆေးလုံး သုံးလုံးကို ပစ်ပေးလိုက်ရာ ငါးနက်ကြီးမှာ ပျော်ရွှင်စွာဖြင့် ဖမ်းယူစားသောက်လေသည်။

"အဆင့် (၁)အမြင့်ပိုင်းကိုတောင် မရောက်သေးဘူး၊ နှေးကွေးလိုက်တာ..." ဟု နင်တောက်ရန်က မျက်မှောင်ကြုတ်ကာ ဆိုပြီးနောက် ထွက်ခွာသွားတော့သည်။ ငါးနက်ကြီးမှာမူ ထိတ်လန့်သွားကာ ဘေးနားရှိ ငါးအုပ်ကို ကြည့်ရင်း ဒေါသတကြီး ရေများ ဖြန်းလိုက်လေတော့သတည်း။

---

မွန်းလွဲပိုင်းတွင် နင်တောက်ရန်သည် တိမ်တိုက်မြူခိုးအစီအရင်အသစ်ကို စတင်ဖန်တီးလေသည်။ အစီအရင် အလံတိုင်များကို သံထည်များဖြင့် ပြုလုပ်ကာ မူလအနှစ်သာရစစ်မှန်သောမီးလျှံဖြင့် သန့်စင်ပြီးနောက် ဝိညာဉ်

အမှတ်အသားများကို ထွင်းထုလိုက်သည်။ မကြာမီမှာပင် အစီအရင်အလံ သုံးခုနှင့် အစီအရင်ကျောက်ပြား သုံးခုကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ချေပြီ။

"သမင်ကြီး... အစီအရင်စတင်ဖို့ ပြင်တော့"

သမင်ကြီးမှာ အတိုင်းထက်အလွန် ဝမ်းသာနေ၏။ နင်တောက်ရန်သည် ညဉ့်နက်အချိန်တွင် အစီအရင်အသစ်ကို တိတ်ဆိတ်စွာပင် တပ်ဆင်လိုက်လေသည်။

အစီအရင်ကျောက်ပြားများကို မြှုပ်နှံကာ အလံများကို စိုက်ထူပြီးနောက် မန္တန်ကို ရွတ်ဖတ်လိုက်ရာ မြူခိုးများ ထွက်ပေါ်လာပြီး ဝန်းတစ်ခုလုံးနှင့် ငါးကန်ကို ဖုံးလွှမ်းသွားတော့သည်။

ဤအစီအရင်မှာ ပထမအဆင့် အနိမ့်တန်းဖြစ်သော်လည်း ဝိညာဉ်စွမ်းအား စုစည်းပေးနိုင်သည့်အပြင် ပြင်ပမှ ဝိညာဉ်အာရုံဖြင့် စစ်ဆေး

ခြင်းကိုလည်း မြေအောက် ပေပေါင်းများစွာ အထိ ကာကွယ်ပေးနိုင်ပေသည်။

နောင်တွင် သူ၏ ပညာရပ် တိုးတက်လာပါက ဤအစီအရင်ကို ဆက်လက်အဆင့်မြှင့်တင်ရန် သူ ဆုံးဖြတ်လိုက်သည်။

"သမင်ကြီး... ဒီနေ့ကစပြီး ငါ့ကို အဆင့်(၁) အနိမ့်တန်း အစီအရင်ပညာရှင်လို့ ခေါ်လို့ရပြီ ဟေ့"

သမင်ကြီးမှာလည်း သူ၏အစ်ကိုကြီးအတွက် ဂုဏ်ယူဝမ်းမြောက်နေပုံရချေသည်။

---

နောက်တစ်နေ့ နံနက်တွင် လင်းရှန့်၏ အသံကို ကြားလိုက်ရ၏။

"ညီလေးနင်"

နင်တောက်ရန်က အစီအရင်ကို ဖွင့်ပေးလိုက်ရာ လင်းရှန့်က စိုးရိမ်တကြီးဖြင့် ဝင်လာပြီး

"သတင်းဆိုးပဲ ညီလေး၊ အပြင်စည်းက သတင်း
အရ ဝိညာဉ်လယ်ကွင်းအမှတ် (၇၉) က အဘွား
ယွင်စွေ့ရဲ့ ရုပ်အလောင်းကို ဂိုဏ်းနဲ့ မိုင်ရာချီဝေး
တဲ့ ချိုင့်ဝှမ်းတစ်ခုထဲမှာ တွေ့ခဲ့ရတယ်တဲ့" ဟု ဆို
လေတော့သတည်း။

***